# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး
# ကော်မရှင်ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်

၁။ ဤဥပဒေကို **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

## အခန်း (၂)
## ဖွဲ့စည်းခြင်း

၂။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၁/၈၈ အပိုဒ် ၂ တွင် ရည်ညွှန်းထားသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဆက်လက်တာဝန်ပေးအပ်သည်။

၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် အဖွဲ့ဝင်ဦးရေတိုးခြင်း၊ လစ်လပ်သည့်နေရာတွင် အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း(၃)
## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင် ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) လိုအပ်သော ဥပဒေများကို ရေးဆွဲ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းပေးရေးအတွက် တင်ပြခြင်း၊

(ဂ) လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ ကို ရေးဆွဲ၍ ထုတ်ပြန်ခြင်း၊

(ဃ) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(င) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ အတွက် လိုအပ်သော ရုံးဝန်ထမ်းများခန့်အပ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊ စီမံခန့်ခွဲစေခြင်း၊

(စ) လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လိုအပ်သည့်အစီအစဉ်များ ပြုလုပ်ခြင်း၊ လိုအပ်သည် များကို ဆောင်ရွက်ခြင်း၊ လိုအပ်သည့် အကူအညီများကို တောင်းခံရယူခြင်း။

## အခန်း (၄)

## အထွေထွေ

၅။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲကျင်းပရေးအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ကျခံရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်ဥပဒေ (၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်-၅)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## တရားစီရင်ရေးဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၂/၈၈ )

၁၃၅ဝ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်

၁။ ဤဥပဒေကို **တရားစီရင်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

### အခန်း (၂)

### တရားစီရင်ရေးဆိုင်ရာမူများ

၂။ တရားစီရင်ရာတွင် အောက်ပါမူများအပေါ် အခြေခံ၍ စီရင်ရမည် -

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခြင်း၊

(ခ) ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေခြင်း၊

(ဂ) ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးခြင်း၊

(ဃ) အမှုကိစ္စများကို ဥပဒေခွင့်ပြုချက်ဘောင်အတွင်း၌ ဥပဒေနှင့်အညီ ကျေအေးပြီးပြတ်စေရန် ဆောင်ရွက်ခြင်း၊

(င) ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း၊

(စ) အမှုတွင် ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့်ပေးခြင်း၊

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ခြင်း။

## အခန်း(၃)
## တရားရုံးချုပ်ဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် တရားရုံးချုပ်ကို တရားသူကြီးချုပ် တစ်ဦးနှင့် ငါးဦးထက်မပိုသော တရားသူကြီးများဖြင့် ဖွဲ့စည်းရမည်။

## အခန်း(၄)
## တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်အာဏာများ

၄။ တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်အာဏာများသည် အောက်ပါအတိုင်းဖြစ်သည် -

(က) ပြစ်မှုဆိုင်ရာ မူလမှု၊ တရားမ မူလမှုကို စီရင်ခြင်း၊

(ခ) မိမိ၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသော အမှုကို စီရင်ခြင်း၊

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိ တရားရုံးတစ်ရုံးရုံးမှ အခြားပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိ တရားရုံး တစ်ရုံးရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ခြင်း၊

(ဃ) ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက် အပေါ် အယူခံမှုကို စီရင်ခြင်း၊

(င) တရားရုံး တစ်ရုံးရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုကို စီရင်ခြင်း၊

(စ) ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးက ချမှတ်သော သေဒဏ်အမိန့်ကို အတည်ပြုခြင်း၊ သေဒဏ်အမိန့်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(ဆ) တရားရုံး တစ်ရုံးရုံး၏ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် စစ်ဆေးစီရင်၍ လိုအပ်သလို ပြင်ဆင်၊ ပယ်ဖျက်ခြင်း၊

(ဇ) နိုင်ငံသားတစ်ဦးဦး၏ ဥပဒေနှင့်အညီ ရရှိထိုက်သည့် အခွင့်အရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့်ညီညွတ်ခြင်း မရှိသောအမိန့်၊ ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် စစ်ဆေးစီရင်၍ လိုအပ်သလို ပြင်ဆင်၊ ပယ်ဖျက်ခြင်း၊

(ဈ) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း၊

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီရင်ပိုင်ခွင့်ရှိသော အမှုများကို စီရင်ခြင်း။

## အခန်း (၅)
## တရားရုံးချုပ်၏ လုပ်ပိုင်ခွင့်များ

၅။ တရားရုံးချုပ်သည် တရားရုံးအသီးသီးကို ကြီးကြပ်ကွပ်ကဲရမည်။

၆။ တရားရုံးချုပ် တရားသူကြီးတစ်ဦးဦးဖြင့် ဖြစ်စေ၊ ခုံရုံးဖြင့်ဖြစ်စေ စီရင်ထားသော မည်သည့်အမှုကိုမဆို လိုအပ်ပါက တရားရုံးချုပ် လက်ရှိအဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်။

၇။ တရားရုံးချုပ်သည် မိမိစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် တရားသူကြီးချုပ်က သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီး တစ်ဦးဖြင့်ဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

၈။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးတွင်လည်းကောင်း၊ မြို့နယ်တရားရုံးတွင်လည်းကောင်း အမှုများကို တရားသူကြီး တစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။

၉။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး၊ မြို့နယ်တရားရုံးများက ပြစ်မှုဆိုင်ရာ အမှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်များကို သင့်တော်သလို သတ်မှတ်ပေးရမည်။

**အခန်း (၆)**

**ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးများနှင့် မြို့နယ်တရားရုံးများကို ဖွဲ့စည်းခြင်း**

၁၀။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးများနှင့် မြို့နယ်တရားရုံးများကို ဖွဲ့စည်းရမည်။

၁၁။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးများ၊ မြို့နယ်တရားရုံးများတွင် တရားသူကြီးအဖြစ် ဆောင်ရွက်ရန် တရားရေးဝန်ထမ်းများအား ခန့်အပ်၍ သင့်တော်သော တရားစီရင်ပိုင်ခွင့် အာဏာအရပ်ရပ်ကို အပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ပေးခြင်း ပြုလုပ်ရမည်။

## အခန်း (၇)
## တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ

၁၂။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများသည် အောက်ပါအတိုင်းဖြစ်သည် -

(က) တရားမ မူလမှုများကို စီရင်ခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ မူလမှုများကို စီရင်ခြင်း၊

(ဂ) ဥပဒေ တစ်ရပ်ရပ်အရ စီရင်ခြင်း။

၁၃။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် မြို့နယ်တရားရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်နိုင်သည်။

၁၄။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် ပြည်နယ်၊ တိုင်း အတွင်းရှိ မြို့နယ်တရားရုံး တစ်ရုံးရုံးမှ ယင်းပြည်နယ်၊ တိုင်းအတွင်းရှိ အခြားတရားရုံးတစ်ရုံးရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်နိုင်သည်။

၁၅။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် မိမိစီရင်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ပြည်နယ် သို့မဟုတ် တိုင်းတရားသူကြီးက သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီးတစ်ဦးဖြင့်ဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

၁၆။ မြို့နယ်တရားရုံးသည် မိမိစီရင်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်တရားသူကြီးက သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီးတစ်ဦးဖြင့်ဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

## အခန်း (၈)

## အထွေထွေ

၁၇။ တရားသူကြီးများသည် သက်ဆိုင်ရာတရားရုံးများရှိ မပြီးပြတ်သေးသော အမှုများကို ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။

၁၈။ တရားရုံးချုပ်တရားသူကြီး၊ ပြည်နယ် သို့မဟုတ် တိုင်းတရားသူကြီးသည် အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများတွင် အပြစ်ကျများနှင့် အချုပ်ခံနေရသူများကို မှုခင်းများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေး၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် လိုအပ်သလို စစ်ဆေးကြည့်ရှုနိုင်သည်။

၁၉။ တရားရုံးချုပ်သည် တရားရုံးချုပ်နှင့် တရားရုံးအသီးသီးအတွက် လိုအပ်သော ဝန်ထမ်းအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်သည်။

၂၀။ တရားရုံးချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများကို ထုတ်ပြန်နိုင်သည်။

၂၁။ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ရှေ့နေချုပ်ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၃/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်

၁။ ဤဥပဒေကို **ရှေ့နေချုပ် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

## အခန်း(၂)

## ရှေ့နေချုပ်ခန့်ထားခြင်းနှင့် ရှေ့နေချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ရှေ့နေချုပ်တစ်ဦးနှင့် ဒုတိယရှေ့နေချုပ်တစ်ဦးကို ခန့်ထားရမည်။

၃။ ရှေ့နေချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၊ အစိုးရဌာနများ၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက သက်ဆိုင်ရာသို့ ညွှန်ပြခြင်း၊

(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကဖြစ်စေ၊ အစိုးရအဖွဲ့ကဖြစ်စေ၊ ဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ ဥပဒေအကြံဉာဏ်များ တောင်းခံပါက ဥပဒေအကြံဉာဏ်များပေးခြင်း၊

(ဂ) ပြည်သူများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ခြင်း၊

(ဃ) တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက တရားရုံးချုပ်သို့ လိုအပ်သလို အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခြင်း၊

(င) ဥပဒေများကို စိစစ်ခြင်း၊ ရေးဆွဲခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ခြင်း၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုထုတ်ဝေခြင်း၊

(စ) တည်ဆဲတရားဥပဒေအရဖြစ်စေ၊ ဤဥပဒေအရထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအရဖြစ်စေ သတ်မှတ်သောအခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ဆ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပေးအပ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း။

၄။ ရှေ့နေချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရပါဝင်နေသော ပြစ်မှုနှင့် တရားမမှုများတွင် လိုက်ပါဆောင်ရွက်ခြင်း၊ ဥပဒေဝန်ထမ်းများအားလုံး လိုက်ပါဆောင်ရွက်ရန် တာဝန်ပေးခြင်း၊

(ခ) ရှေ့နေချုပ်ရုံး၊ ပြည်နယ် သို့မဟုတ် တိုင်းဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးများကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဂ) ဒုတိယရှေ့နေချုပ်နှင့် ဥပဒေဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) လိုအပ်သောအမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများကို ထုတ်ပြန်ခြင်း။

## အခန်း(၃)

## အထွေထွေ

၅။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် )

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) နိုင်ငံရေးပါတီ ဆိုသည်မှာ စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော အဖွဲ့အစည်းကိုဆိုသည်၊

(ခ) ရွေးကောက်ပွဲဆိုသည်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဆိုသည်၊

(ဂ) ကော်မရှင်ဆိုသည်မှာ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကို ဆိုသည်။

## အခန်း (၂)
## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း

၃။ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအသီးသီးသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရန် ကော်မရှင်သို့ လျှောက်ထားရမည်။ သို့ရာတွင် အောက်ပါအဖွဲ့အစည်းတစ်ရပ်ရပ်သည် မှတ်ပုံတင်ရန် လျှောက်ထားခွင့်မရှိစေရ -

(က) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေငြာခြင်း ခံရသော အဖွဲ့အစည်း၊

(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊

(ဂ) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း၊

(ဃ) နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း၊

(င) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း၊

(စ) ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေး ဘုတ်၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာငွေမှ လစာခံစားကြသော ဝန်ထမ်းများပါဝင်သည့် အဖွဲ့အစည်း။

၄။ မည်သည့်နိုင်ငံရေးပါတီမဆို ဤဥပဒေအရ မှတ်ပုံတင်ခွင့်ရရှိပြီးမှသာလျှင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

## အခန်း (၃)
## ကော်မရှင်၏ လုပ်ပိုင်ခွင့်များ

၅။ နိုင်ငံရေးပါတီတစ်ခုက မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်အခါ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စစ်ဆေးပြီးနောက် ကော်မရှင်သည် -

(က) မှတ်ပုံတင်ခွင့်ပြုနိုင်သည် သို့မဟုတ်၊

(ခ) မှတ်ပုံတင်ခွင့်ပြုရန် ငြင်းဆိုနိုင်သည်။

၆။ ရွေးကောက်ပွဲ ကျင်းပခြင်းမပြုမီ မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီတစ်ခုသည် ပုဒ်မ ၃၊ ပုဒ်မခွဲ(က)(ခ)(ဂ)(ဃ) သို့မဟုတ် (င)တွင်ဖော်ပြထားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ကော်မရှင်ကတွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်။

၇။ ရွေးကောက်ပွဲကျင်းပခြင်းမပြုမီ မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီတစ်ခုသည် ပုဒ်မ ၃၊ ပုဒ်မခွဲ (စ)တွင် ဖော်ပြထားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ကော်မရှင်ကတွေ့ရှိလျှင် ယင်းအဖွဲ့အစည်းတွင် ပါဝင်သည့် သက်ဆိုင်ရာပုဂ္ဂိုလ်များအား ပါတီဝင်အဖြစ်မှ နုတ်ထွက်စေရန် ကော်မရှင်က သက်ဆိုင်ရာနိုင်ငံရေးပါတီနှင့် သက်ဆိုင်ရာဂဏ်ထမ်းအဖွဲ့အစည်းအား အကြောင်းကြားရမည်။

၈။ ပုဒ်မ ၅၊ ၆ သို့မဟုတ် ၇ အရ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၄)
## အထွေထွေ

၉။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

## စာရင်းစစ်ချုပ်ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၅/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်

၁။ ဤဥပဒေကို **စာရင်းစစ်ချုပ် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

### အခန်း (၂)
### စာရင်းစစ်ချုပ် ခန့်ထားခြင်းနှင့်စာရင်းစစ်ချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် စာရင်းစစ်ချုပ်တစ်ဦးနှင့် ဒုတိယ စာရင်းစစ်ချုပ် တစ်ဦးကို ခန့်ထားရမည်။

၃။ စာရင်းစစ်ချုပ်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၊ အစိုးရဌာနများ၏ ဆောင်ရွက်ချက်များသည် ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှု ရှိမရှိ စစ်ဆေး၍ သက်ဆိုင်ရာသို့တင်ပြခြင်း၊

(ခ) ရသုံးမှန်းခြေငွေစာရင်းပါ ရငွေများကိုလည်း စုံလင်စွာရရှိအောင် ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) ရသုံးမှန်းခြေငွေစာရင်းပါ သုံးခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု မပြုစစ်ဆေးခြင်း၊

(ဃ) အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများ၊ အစိုးရဌာနများအတွက် စာရင်းအင်း ထားသိုပုံ နည်းစနစ် သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသော စနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(င) တည်ဆဲဥပဒေအရဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအရ ဖြစ်စေ သတ်မှတ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(စ) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပေးအပ်သော အခြားတာဝန် များ ထမ်းဆောင်ခြင်း။

၄။ စာရင်းစစ်ချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ် သို့မဟုတ် တိုင်းစာရင်းရုံးနှင့် မြို့နယ်စာရင်းရုံးများကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ခ) ဒုတိယစာရင်းစစ်ချုပ်နှင့် စာရင်းဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ် ခြင်း၊

(ဂ) လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း များ၊ လက်စွဲများကို ထုတ်ပြန်ခြင်း။

## အခန်း (၃)
## အထွေထွေ

၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေ (၁၉၇၄-ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၁၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊၆/၈၈ )

၁၃၅ဝ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃ဝ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည် နှင့်အဓိပ္ပယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသင်းအဖွဲ့များ** ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) အသင်းအဖွဲ့ဆိုသည်မှာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရည်ရွယ်ချက်တစ်ခုခုအတွက် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက် လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ၊ ပါတီ၊ ကော်မတီ၊ အဖွဲ့ချုပ်၊ အသင်းစု၊ တပ်ဦး၊ ကလပ်နှင့် အလားတူအသင်းအဖွဲ့ကို ဆိုသည်။

(ခ) နိုင်ငံရေး အသင်းအဖွဲ့ဆိုသည်မှာ နိုင်ငံရေး အယူဝါဒ တစ်ခုခုအပေါ်တွင် အခြေခံ၍ နိုင်ငံရေးစည်းရုံးလှုပ်ရှားမှုကို တစ်နည်းနည်းပြုသော အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ဖွဲ့စည်းခွင့်ရရှိရန် လျှောက်ထားခြင်း

၃။ (က) အသင်းအဖွဲ့များသည် ဖွဲ့စည်းခွင့်ရရှိရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းအတိုင်းလျှောက်ထားရမည်၊

(ခ) ဖွဲ့စည်းပြီးသော အသင်းအဖွဲ့သည် ဤဥပဒေပြဋ္ဌာန်းသော နေ့ရက်မှ ရက်ပေါင်းသုံးဆယ် အတွင်း လျှောက်ထားရမည်၊

(ဂ) ခွင့်ပြုချက်မရသော အသင်းအဖွဲ့ကို ဖွဲ့စည်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည်လှုပ်ရှားခြင်းမပြုရ။

၄။ အောက်ပါအသင်းအဖွဲ့များသည် ဤဥပဒေအရ ဖွဲ့စည်းခွင့်လျှောက်ထားရန်မလို -

(က) ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေအရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်၍ ယင်းမှတ်ပုံတင် တည်လျက်ရှိသော အသင်းအဖွဲ့၊

(ခ) ဘာသာ၊ သာသနာရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့၊

(ဂ) စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်သော အသင်းအဖွဲ့၊

(ဃ) တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်မှ မှတ်ပုံတင်ခွင့်ရရှိပြီးသော သို့မဟုတ် ယင်းကော်မရှင်သို့ မှတ်ပုံတင်ရန် လျှောက်ထားပြီး သို့မဟုတ် လျှောက်ထားရန် ပြင်ဆင်လျက်ရှိကြောင်း တင်ပြပြီးဖြစ်သော နိုင်ငံရေးပါတီအသင်းအဖွဲ့။

## အခန်း (၃)
## ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များ

၅။ အောက်ပါအသင်းအဖွဲ့များကို ဖွဲ့စည်းခြင်းမပြုရ၊ ဖွဲ့စည်းထားပြီးဖြစ်လျှင်လည်း လှုပ်ရှားခြင်းမပြုရ၊ ဆက်လက်တည်ရှိခွင့်မရှိစေရ -

(က) ၁၉၈၈ ခုနှစ်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခွင့်မရသော အသင်းအဖွဲ့၊ မှတ်ပုံတင်ခွင့်ရသော်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်က မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းခံရသော အသင်းအဖွဲ့၊

(ခ) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးကိုဖြစ်စေ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုဖြစ်စေ တစ်နည်းအားဖြင့် ထိခိုက်စေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းအားပေးသော၊ ကူညီသော၊ ပြုလုပ်သော အသင်းအဖွဲ့၊

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရား လည်ပတ်မှုကို ထိခိုက်စေရန် သို့မဟုတ် ရပ်တန့်သွားစေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းသော၊ အားပေးကူညီသော၊ ပြုလုပ်သော အသင်းအဖွဲ့၊

(ဃ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားရှိ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေးဘုတ် ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ သို့မဟုတ် နိုင်ငံတော် ဘဏ္ဍာငွေမှ လစာရယူကြသော ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခု၏ သြဇာခံယူသော သို့မဟုတ် နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခုနှင့် ဆက်သွယ်သောအသင်းအဖွဲ့။

## အခန်း (၄)
## ပြစ်ဒဏ်များ

၆။ မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ)ကို ဖြစ်စေ၊ ပုဒ်မ ၅ ကိုဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၅နှစ်ထိ ကျခံစေရမည်။

၇။ မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ)အရ ဖွဲ့စည်းခွင့်ကိုဖြစ်စေ၊ ဆက်လက်ရပ်တည်ခွင့်ကိုဖြစ်စေ မရသော အသင်းအဖွဲ့ သို့မဟုတ် ပုဒ်မ ၅အရ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့ တစ်ခုခုတွင် ပါ ဝင်ကြောင်း၊ အသင်းအဖွဲ့ကို အားပေးကူညီကြောင်း၊ သို့မဟုတ် ထိုအသင်းအဖွဲ့၏ အဆောင်အယောင်ကို အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၃ နှစ်အထိ ကျခံစေရမည်။

## အခန်း (၅)
## အထွေထွေ

၈။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့အနေဖြင့် မှတ်ပုံတင်ခွင့်ပြုစဉ်ကဖော်ပြခဲ့သော ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လှုပ်ရှားကြောင်း စိစစ်တွေ့ရှိလျှင် ထိုအသင်းအဖွဲ့၏ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်သည်။

၉။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ
## ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တတောင်းဆိုလျက်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများအနေဖြင့် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားပါဝင် ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေကို ပယ်ဖျက်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ အနေဖြင့် စနစ်တကျ လွတ်လပ်စွာဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥပဒေကိုလည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။

ယခုအခါ ဒီမိုကရေစီ၏ အနှစ်သာရကို အမှန်တကယ်မြတ်နိုးစွာဖြင့် စစ်မှန်သော ပါတီစုံ ဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီ အဖွဲ့အစည်းများ ဖွဲ့စည်းလာသည်များရှိသကဲ့သို့ ဒီမိုကရေစီကို ဟန်ပြပြီး မရိုးသားသောသဘော၊ မသမာသောရည်ရွယ်ချက်တို့ဖြင့် ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကို အနှောင့်အယှက် အဟန့်အတား အန္တရာယ်ဖြစ်စေ မည့် အသင်းအဖွဲ့များ ဖွဲ့စည်းထားကြောင်း၊ ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိနေကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကို အနှောင့်အယှက် အဟန့်အတား အန္တရာယ်ဖြစ်စေမည့် အသင်းအဖွဲ့များကို ခွင့်ပြုထားပါက တရားဥပဒေစိုးမိုးရေး နှင့် နယ်မြေအေးချမ်းသာယာရေး၊ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်လာရေးတို့ကို ထိခိုက်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ရပာန်းရှင်လူ ပြည်သူများနှင့် ဂန်ထမ်းများအကြား

စည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းများ ဖြစ်လာနိုင်ဖွယ်ရာ အကြောင်းရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန်လည်းကောင်း၊ တရားမျှတ၍ လွတ်လပ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အမြန်ဆုံးထမြောက်အောင်မြင်စွာ ကျင်းပနိုင်ရန်လည်းကောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားမှုများကို စနစ်တကျကြီးကြပ်ထိန်းချုပ်ရန် လိုအပ်လာသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားတည်ဆောက်ရေးအဖွဲ့သည် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်။

# ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၇/၈၈ )

၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

( ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေပုဒ်မ ၇ ပုဒ်ခွဲ (၄)ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည် -

"(၄) ကြက်ခြေနီဗဟိုကောင်စီတစ်ခု ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့လည်းဖြစ်ရမည်။ ထိုကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည် -

(က) အသင်း၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံမှ ရွေးချယ်တင်မြှောက်သည့် ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်တစ်ဦးစီ၊ ပေါင်း တစ်ဆယ့်လေးဦး၊

(ခ) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊

(ဂ) ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊

(ဃ) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊

(င) ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန၊

(စ) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆိပ်ကမ်းကော်ပိုရေးရှင်း

(ဇ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန၊

(ဈ) အစိုးရက အခါအားလျော်စွာခန့်ထားသည့် တစ်ဆယ်ဦးထက်မပိုသော ပုဂ္ဂိုလ်များ၊

(ည) ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဋ) တရားသူကြီးချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဌ) ရှေ့နေချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဍ) စာရင်းစစ်ချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဎ) မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦး၊

(ဏ) လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ၊ ကျန်းမာရေးဦးစီးဌာန။”

## စကားရပ်များအစားထိုးသည့် ဥပဒေ

**( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၈/၈၈ )**

၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

( ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို စကားရပ်များအစားထိုးသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ စတင်၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် စသည်တို့တွင် ပါရှိသော အောက်ပါစကားရပ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် စကားရပ်များဖြင့် ဆီလျော်သလို အစားထိုးပြီးဖြစ်သည်ဟု မှတ်ယူရမည် -

| | **တည်ဆဲစကားရပ်** | **အစားထိုးသည့် စကားရပ်** |
|---|---|---|
| (က) | ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ပြည်ထောင်စုမြန်မာနိုင်ငံတော် |
| (ခ) | နိုင်ငံတော်ကောင်စီ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| (ဂ) | နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်သမ္မတ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ |
| (ဃ) | ဝန်ကြီးအဖွဲ့<br>ဝန်ကြီးအဖွဲ့ရုံး | အစိုးရအဖွဲ့<br>အစိုးရအဖွဲ့ရုံး |

| | | |
|---|---|---|
| (င) | ပြည်သူ့တရားသူကြီးအဖွဲ့ သို့မဟုတ် ပြည်သူ့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ | တရားသူကြီးချုပ် |
| | ဗဟိုတရားရုံး | တရားရုံးချုပ် |
| (စ) | ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့သို့မဟုတ် ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ | ရှေ့နေချုပ် |
| | ဗဟိုဥပဒေရုံး | ရှေ့နေချုပ်ရုံး |
| (ဆ) | ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့သို့မဟုတ် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ | စာရင်းစစ်ချုပ် |
| | ဗဟိုစာရင်းရုံး | စာရင်းစစ်ချုပ်ရုံး |
| (ဇ) | ဗဟိုအာဏာပိုင်အဖွဲ့အစည်း | အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ် သို့မဟုတ် စာရင်းစစ်ချုပ် |
| (ဈ) | ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ | ပြည်နယ် သို့မဟုတ် တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်စုငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |

| | | |
|---|---|---|
| (ည) | ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ | ပြည်နယ် သို့မဟုတ် တိုင်းအဆင့် သို့မဟုတ် မြို့နယ်စုအဆင့် သက်ဆိုင်ရာဦးစီးဌာနပြည်သူ့ရဲ တပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ |
| (ဋ) | မြို့နယ်ပြည်သူ့ကောင်စီ | မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| (ဌ) | မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ | မြို့နယ်အဆင့် သက်ဆိုင်ရာ ဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ |
| (ဍ) | ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| (ဎ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဆင့် သက်ဆိုင်ရာဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |

၃။ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)၊ (ဌ) နှင့် (ဎ) တို့တွင် ဖော်ပြပါရှိသော ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဆိုသည့် စကားရပ်၌ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ အတွင်းရေးမှူး အဖွဲ့ဝင် သို့မဟုတ် ယင်းအဖွဲ့က ဥပဒေအရ ဖွဲ့စည်းသော အဖွဲ့လည်းပါဝင်သည်။

## အထူးကာလစည်းကမ်းသတ် ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၉/၈၈ )

၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

( ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာ ၇ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အထူးကာလစည်းကမ်းသတ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားရုံးများသည် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ၏ အနက်အဓိပ္ပာယ်အရ ၁၉၈၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ပိတ်ထားသည်ဟု မှတ်ယူရမည်။

## နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းခြင်း
## အကျိုးအကြောင်းဖော်ပြချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရန်နှင့် နိုင်ငံတော်စီးပွားရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိပါသည်။ ယင်းသို့ ကြိုးပမ်းရာတွင် ပြည်သူများ၏စွမ်းအား အပြည့်အဝပါ ဝင်လာစေရန်နှင့် လိုအပ်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို နှစ်ဘက်အကျိုးတူမျှတစွာ ပါဝင်လာစေရန်ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ ကြွယ်ဝသော သယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများလောက်ငစွာသုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်စေရန်၊ လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန်၊ အထူးသဖြင့် လူငယ်များအဖို့လည်း အလုပ်အကိုင်ရရှိမည့်အပြင် ကျွမ်းကျင်မှုသင်တန်းများကို ပြည်တွင်းပြည်ပတို့၌ တက်ရောက်ခွင့်ရရှိစေရန် နိုင်ငံတော်ဒေသ အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ ယင်းသို့တိုးတက်အောင် ဆောင်ရွက်ရင်း လမ်းပန်းအဆက်အသွယ်များပါ တိုးချဲ့ပေးနိုင်ရန် စသည်တို့ကိုလည်း အစိုးရက ရည်မှန်းပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်း၊ ပြည်ပ စီးပွားရေးအဖွဲ့အစည်းတို့က သင့်မြတ်သလို ပူးပေါင်းလုပ်ဆောင်ကြရာတွင် နိုင်ငံခြား၊ ရင်းနှီးမြှုပ်နှံသူတို့ အတွက်လည်း ထိုက်သင့်သော အကျိုးအမြတ်ရရှိခွင့်နှင့် ယင်းတို့ကို နိုင်ငံခြားသို့ပို့ခွင့်၊ လုပ်ငန်းပြီးဆုံးသောအခါ ပြန်လည်ယူဆောင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်နေကြစဉ် ပြည်သူပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံချက် ရရှိခွင့်တို့ကိုလည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် ကိုက်ညီစွာ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

ယခုအခါတွင် နိုင်ငံတော်တွင် သင့်လျော်သောနည်းဖြင့် ရင်းနှီးမြှုပ်နှံလိုသော နိုင်ငံခြားကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ အထူးစိတ်ဝင်စားစွာ လေ့လာစုံစမ်းလျက်ရှိကြပါသည်။ အလားတူပင် နိုင်ငံသားများကလည်း စုံစမ်းဆက်သွယ်လျက်ရှိကြပါသည်။ ယင်းတို့ လုပ်ကိုင်နိုင်သော လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ကိုင်ခွင့်တောင်းခံခြင်းတို့ကို စိစစ်ခွင့်ပြုရန်နှင့် လုပ်ငန်းများနှင့်

ပတ်သက်သော ကိစ္စအဂဂတို့ကို ညှိနှိုင်းတာဂန်ယူဆောင်ရွက်ပေးနိုင်သော အဆင့်မြင့်ကော်မရှင် တစ်ရပ်ကိုလည်း ဖွဲ့စည်းပေးရန် လိုလာပါသည်။

အထက်ဖော်ပြပါ ကိစ္စအဂဂတို့ကို ဥပဒေဖြင့် အခိုင်အမာပြဋ္ဌာန်းပေးရန် လိုသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ငြိမ်ဂပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းလိုက်ပါသည်။

# နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁၀/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ကော်မရှင် ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဆိုသည်၊

(ခ) အစိုးရ ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) နိုင်ငံသားဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူပါဝင်သည်။ ထို့ပြင် ယင်းစကားရပ်တွင် ပြည်တွင်းရင်းနှီးငွေဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဃ) နိုင်ငံခြားသားဆိုသည်မှာ နိုင်ငံသားမဟုတ်သူကိုဆိုသည်။ ထို့ပြင်ယင်းစကားရပ်တွင် နိုင်ငံခြားရင်းနှီးငွေဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါ ဝင်သည်။

(င) ကမကထပြုသူ ဆိုသည်မှာ ကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ အဆိုပြုသည့် နိုင်ငံသား တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံခြားသား တစ်ဦးဦးကို ဖြစ်စေဆိုသည်၊

(စ) အဆိုပြုချက် ဆိုသည်မှာ ကမကထပြုသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် သဘောတူခွင့်ပြုရန် ကော်မရှင်သို့ တင်သွင်းသော သတ်မှတ်သည့်လျှောက်လွှာနှင့် ယင်းနှင့်အတူ ပူးတွဲတင်ပြသော ပဋိညာဉ်စာချုပ်မူကြမ်းတို့ကို ဆိုသည်၊

(ဆ) ခွင့်ပြုမိန့် ဆိုသည်မှာ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ သဘောတူခွင့်ပြုချက်ကို ဖော်ပြသည့် အမိန့်ကိုဆိုသည်၊

(ဇ) နိုင်ငံခြား မတည်ငွေရင်းဆိုရာတွင် နိုင်ငံခြားသားတစ်ဦးဦးက ခွင့်ပြုမိန့်အရ စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသော အောက်ပါတို့ပါဝင်သည် -

- နိုင်ငံခြားငွေ၊
- စက်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ အသုံးအဆောင်တွင် တန်ဆာပလာစသော လုပ်ငန်းတွင် အမှန်တကယ် သုံးစွဲရန်လို၍ နိုင်ငံတော်တွင်းတွင် မရရှိသောပစ္စည်း၊
- လိုင်စင်၊ ကုန်တံဆိပ်၊ မူပိုင်အခွင့်အရေး စသော တန်ဖိုးဖြတ်နိုင်သော အခွင့်အရေး၊
- ကျွမ်းကျင်မှု နည်းပညာ
- အထက်ပါတို့မှ လုပ်ငန်းတွင် တိုးပွားရရှိပြီး၍ဖြစ်စေ၊ ဝေစုအကျိုးအမြတ်ကို ဖြစ်စေ ပြန်လည်ရင်းနှီးမြှုပ်နှံသော ငွေများ၊

(ဈ) ရင်းနှီးမြှုပ်နှံသူဆိုသည်မှာ ခွင့်ပြုမိန့်အရ ရင်းနှီးမြှုပ်နှံသော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကိုဆိုသည်၊

(ည) ဘဏ် ဆိုသည်မှာ နိုင်ငံတော်ဘဏ်တစ်ခုခုကို ဆိုသည်။

## အခန်း (၂)
## သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ

၃။ ဤဥပဒေသည် အစိုးရ၏ ကြိုတင်သဘောတူညီချက်ဖြင့် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်သော စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်စေရမည်။

## အခန်း (၃)
## အခြေခံမူများ

၄။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို အောက်ပါအခြေခံမူများနှင့်အညီ ပြုလုပ်ရမည် -

(က) ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်ရေး၊

(ခ) ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်သည့် သယံဇာတပစ္စည်းများဖော်ထုတ်ရေး၊

(ဂ) အဆင့်မြင့် ကျွမ်းကျင်မှုနည်းပညာရပ်များ တိုးတက်ရရှိရေး၊

(ဃ) မတည်ငွေရင်း ကြီးမားသည့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို အထောက်အကူပြုရေး၊

(င) အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်ရေး၊

(စ) စွမ်းအင်သုံးစွဲမှုသက်သာစေမည့် လုပ်ငန်းများ ဖော်ထုတ်ရေး၊

(ဆ) ဒေသန္တရ ဖွံ့ဖြိုးတက်ရေး။

## အခန်း (၄)
## ဖွဲ့စည်းပုံ

၅။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အောက်ပါဖွဲ့စည်းပုံတစ်ခုခုဖြင့် ပြုလုပ်နိုင်သည် -

(က) နိုင်ငံခြားသားက ရာခိုင်နှုန်းပြည့် နိုင်ငံခြားမတည်ငွေရင်းဖြင့်ပြုလုပ်ခြင်း၊

(ခ) နိုင်ငံခြားသားနှင့် နိုင်ငံသားဖက်စပ်ပြုလုပ်ခြင်း။

၆။ (က) ပုဒ်မ ၅ အရဖွဲ့စည်းရာတွင် -

(၁) တစ်ဦးတည်းပိုင် လုပ်ငန်းအဖြစ်လည်းကောင်း၊ အစုစပ်လုပ်ငန်းအဖြစ်လည်းကောင်း၊ လီမိတက်ကုမ္ပဏီအဖြစ်လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(၂) ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းပါက နိုင်ငံခြား မတည်ငွေရင်းသည် စုစုပေါင်း မတည်ငွေရင်း၏ အနည်းဆုံး ၃၅ရာခိုင်နှုန်းဖြစ်ရမည်။

(ခ) အထက်ပါကဲ့သို့ ဖွဲ့စည်းရာတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းပြီးဆုံး၍ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင်လည်းကောင်း နိုင်ငံတော်၏ အခြား တည်ဆဲဥပဒေများကို လိုက်နာကျင့်သုံးရမည်။

## အခန်း (၅)
## ကော်မရှင်ဖွဲ့စည်းခြင်း

၇။ အစိုးရသည် ကော်မရှင်ကို ဖွဲ့စည်းပေးရမည်။

## အခန်း (၆)

## ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကော်မရှင်သည် နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည်ဟု ယူဆသော တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်လည်း မဆန့်ကျင်သည့် အဆိုပြုချက်ကို လက်ခံနိုင်သည်။

၉။ ကော်မရှင်သည် အဆိုပြုချက်ကို စိစစ်ရာတွင် ငွေရေးကြေးရေး ယုံကြည်စိတ်ချရမှု၊ လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှု၊ စက်မှုနည်းပညာ ဆီလျော်မှု စသည့်အချက်အလက်များကို သုံးသပ်ရမည်။

၁၀။ ကော်မရှင်သည် အဆိုပြုချက်ကိုလက်ခံလျှင် ခွင့်ပြုမိန့်ကို ကမကထပြုသူအား ထုတ်ပေးရမည်။

၁၁။ ခွင့်ပြုချက်သက်တမ်း သို့မဟုတ် သဘောတူညီချက်တို့ကို တိုးမြှင့်ပေးရန်ဖြစ်စေ၊ လျှော့ပေါ့ပေးရန်ဖြစ်စေ၊ ပြင်ဆင်ပေးရန်ဖြစ်စေ သက်ဆိုင်ရာတို့က လျှောက်ထားလျှင် ကော်မရှင်သည် သင့်လျော်သည်ဟု ယူဆပါက ခွင့်ပြုနိုင်သည်။

၁၂။ ရင်းနှီးမြှုပ်နှံသူများက ဤဥပဒေအရ ခံစားခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝ မရရှိကြောင်း တိုင်ကြားလျှင် ကော်မရှင်သည် လိုအပ်သလို အမြန်အရေးယူဆောင်ရွက်ပေးရမည်။

၁၃။ ကော်မရှင်သည် ကမကထပြုသူထံမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူထံမှလည်းကောင်း လိုအပ်သည်ဟု ထင်မြင်သည့် အထောက်အထားများကို ဖြစ်စေ၊ အချက်အလက်များကိုဖြစ်စေ တင်ပြရန် မည်သည့်အခါမဆို တောင်းဆိုနိုင်သည်။

၁၄။ ကော်မရှင်သည် ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ကော်မတီများ၊ အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၅။ ကော်မရှင်သည် ဤဥပဒေပါ ငွေရေးကြေးရေးကိစ္စများ ဆောင်ရွက်ပေးရမည့် ဘဏ်ကို သတ်မှတ်နိုင်သည်။

၁၆။ ကော်မရှင်သည် မိမိ၏ ဆောင်ရွက်ချက်များကို အစိုးရသို့ အခါအားလျော်စွာ အစီရင်ခံရမည်။ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူစေရန်လည်းကောင်း၊ အားပေးထောက်ကူပြုရန်လည်းကောင်း အစိုးရသို့ အခါအားလျော်စွာ အကြံပြုရမည်။

## အခန်း (၇)
## ပဋိညာဉ်စာချုပ်

၁၇။ ခွင့်ပြုမိန့်ဖြင့် စီးပွားရေးလုပ်ငန်းဖွဲ့စည်းရာတွင် ပဋိညာဉ်စာချုပ်ကို လိုအပ်သလို ချုပ်ဆိုရမည်။

၁၈။ ကော်မရှင်သည် သက်ဆိုင်ရာတို့က လျှောက်ထားလျှင် ပဋိညာဉ်စာချုပ်ပါ သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို သင့်လျော်သလို တိုးမြှင့်ရန်ဖြစ်စေ၊ လျှော့ပေါ့ရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။

## အခန်း (၈)
## အာမခံထားရှိခြင်း

၁၉။ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသော စီးပွားရေးအဖွဲ့အစည်းသည် သတ်မှတ်သော အာမခံ အမျိုးအစားများကို မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်းတွင် ထားရှိရမည်။

## အခန်း (၉)
## အမှုထမ်းများခန့်ထားခြင်း

၂၀။ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသော စီးပွားရေးအဖွဲ့အစည်းတွင် နိုင်ငံသားများကို ဦးစားပေး၍ အမှုထမ်းခန့်ထားရမည်။ သို့ရာတွင် ကော်မရှင်သည် နိုင်ငံခြားမှ ကျွမ်းကျင်သူများနှင့် အတတ်ပညာရှင်များကို လိုအပ်ပါက ခန့်ထားခွင့်ပြုနိုင်သည်။

## အခန်း (၁၀)
## ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၂၁။ ကော်မရှင်သည် နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုများကို အားပေးထောက်ကူပြုရန် အလို့ငှာ ရင်းနှီးမြှုပ်နှံသူအား အောက်ပါအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များအနက် ပုဒ်မခွဲ(က)ပါ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ခွင့်ပြုရမည်၊ ထို့ပြင်ကျန်ရှိသော အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုနိုင်သည် -

(က) ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း အနည်းဆုံး ၃ နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ ထို့ပြင်နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိလျှင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်း၏ အောင်မြင်မှုအပေါ် မူတည်၍ နောက်ထပ်သင့်လျော်သော ကာလအတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးရန်အတွက် သီးသန့်ရန်ပုံငွေ ထား၍ ၁နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဂ) ဂင်ငွေခွန်စည်းကြပ်ရန်ကိစ္စအလို့ငှာ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံးအခြား မတည်ပစ္စည်းများအပေါ်တွင် ပစ္စည်းတန်ဖိုး လျော့တွက်ငွေကို ကော်မရှင်က သတ်မှတ်သည့် နှုန်းထားများအတိုင်း နှစ်တိုတိုနှင့် မူလတန်ဖိုးပြည့်မီအောင် အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်၊

(ဃ) ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့တင်ပို့ရောင်းချလျှင် ထိုသို့တင်ပို့ရောင်းချ၍ ရရှိသော အမြတ်ငွေအပေါ်တွင် ၅၀ ရာခိုင်နှုန်း အထိ ဂင်ငွေခွန်သက်သာခွင့်၊

(င) လုပ်ငန်းတွင် နိုင်ငံခြားမှ လာရောက်အမှုထမ်းဆောင်နေသော နိုင်ငံခြားသားများ အတွက် နိုင်ငံတော်သို့ ပေးဆောင်ရမည့် ဂင်ငွေခွန်ကို ရင်းနှီးမြှုပ်နှံသူက ကျခံပေးဆောင်ခွင့်၊ ယင်းသို့ပေးဆောင်သည့် ဂင်ငွေခွန်ကို အခွန်စည်းကြပ်ထိုက်သော ဂင်ငွေမှ နုတ်ပယ်ခွင့်၊

(စ) အထက်ဖော်ပြပါ နိုင်ငံခြားသားများ၏ ဂင်ငွေအပေါ်တွင် ပြည်တွင်းနေ နိုင်ငံသားများ ပေးဆောင်သည့် ဂင်ငွေခွန်နှုန်းထားများအတိုင်း ဂင်ငွေခွန် ပေးဆောင်ခွင့်၊

(ဆ) နိုင်ငံတော်အတွင်း အမှန်တကယ်လိုအပ်၍ ဆောင်ရွက်သည့် လုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဂင်ငွေမှ နုတ်ပယ်ခွင့်၊

(ဇ) လုပ်ငန်းတစ်ခုချင်းအလိုက် အထက်ပုဒ်မခွဲ (က)ပါ ဂင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ခံစားပြီး တစ်ဆက်တည်း ၂နှစ်အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်း ၃ နှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်၊

(ဈ) လုပ်ငန်းတည်ဆောက်မှု ကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ တင်သွင်းသောစက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများ

အပေါ်တွင် အကောက်ခွန် ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ည) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမ ၃ နှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

## အခန်း (၁၁)
## အာမခံချက်များ

၂၂။ အစိုးရသည် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသည့် စီးပွားရေးလုပ်ငန်းကို ပဋိညာဉ်စာချုပ်ပါ သက်တမ်း၊ ယင်းသက်တမ်းကို တိုးမြှင့်ပေးလျှင် ယင်းသို့ တိုးမြှင့်ပေးသည့် သက်တမ်းအတွင်း ပြည်သူပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံသည်။

၂၃။ ပဋိညာဉ်စာချုပ် သက်တမ်းကုန်ဆုံးလျှင် နိုင်ငံခြားမတည်ငွေရင်းနှီးမြှုပ်နှံသူအား ယင်း၏ ရပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံရာတွင် ထည့်ဝင်ခဲ့သော နိုင်ငံခြားငွေ၏ ငွေအမျိုးအစားဖြင့် ထုတ်ပေးရန်အစိုးရက အာမခံသည်။

## အခန်း (၁၂)
## နိုင်ငံခြားမတည်ငွေရင်း

၂၄။ နိုင်ငံခြားမတည်ငွေရင်းကို ကော်မရှင်သည် သတ်မှတ်သည့်နည်းလမ်းအတိုင်း ကျပ်ငွေဖြင့် တန်ဖိုးဖြတ်ပြီး ရင်းနှီးမြှုပ်နှံသူ၏ အမည်နှင့် မှတ်ပုံတင်ရမည်။ ထိုသို့မှတ်ပုံတင်ရာတွင် နိုင်ငံခြားမတည်ငွေရင်း အမျိုးအစားများနှင့် ယင်းတို့ကို တန်ဖိုးသတ်မှတ်သည့် နိုင်ငံခြားငွေ၏ ငွေအမျိုးအစားကို ဖော်ပြရမည်။

၂၅။ လုပ်ငန်းရပ်စဲလျှင် ကော်မရှင်က သတ်မှတ်ပေးသည့် ပြန်လည်ထုတ်ယူနိုင်သော နိုင်ငံခြားမတည်ငွေရင်းကို သတ်မှတ်သည့်အချိန်ကာလအတွင်း နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူက ပြန်လည်ထုတ်ယူနိုင်သည်။

## အခန်း (၁၃)
## နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်

၂၆။ အောက်ပါငွေများကို သက်ဆိုင်ရာနိုင်ငံခြားငွေဖြင့် တည်ဆဲတရားဝင်ငွေလဲလှယ်နှုန်း အတိုင်း ကော်မရှင်က သတ်မှတ်သော ဘဏ်မှတစ်ဆင့် နိုင်ငံခြားသို့ လွှဲပြောင်းနိုင်စေရမည် -

(က) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူ ရသင့်သည့် နိုင်ငံခြားငွေ၊

(ခ) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူအား ကော်မရှင်က ပြန်လည်ထုတ်ယူရန် ခွင့်ပြုသော နိုင်ငံခြားငွေ၊

(ဂ) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူ ရရှိသည့် နှစ်စဉ်အမြတ်ငွေအခွန် အရပ်ရပ်နှင့် သတ်မှတ်သည့် ရန်ပုံငွေများနုတ်ပြီးနောက် ကျန်ရှိသော အသားတင် အမြတ်ငွေ၊

(ဃ) နိုင်ငံခြားသားအမှုထမ်းများသည် နိုင်ငံတော်တွင် လုပ်ကိုင်ဆောင်ရွက်၍ ရရှိသော လစာငွေနှင့် လုပ်ငန်းမှတရားဝင်ရရှိငွေမှ ပေးဆောင်ရန်ရှိသော အခွန်အကောက် များကို ပေးဆောင်စေပြီး ၎င်းနှင့် ၎င်း၏မိသားစုနေထိုင် စားသောက်မှု ကုန်ကျစရိတ်တို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်းနုတ်ပယ်၍ တရားဝင် ကျန်ရှိငွေ။

## အခန်း (၁၄)
## နိုင်ငံခြားငွေရေးကြေးရေးကိစ္စ

၂၇။ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းသည် ကော်မရှင်က သတ်မှတ်သော ဘဏ်တွင် ယင်းဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်၍ လုပ်ငန်းနှင့် သက်ဆိုင်သော ငွေရေးကြေးရေးကိစ္စများကို ဆောင်ရွက်ရမည်။

၂၈။ ယင်းစီးပွားရေး အဖွဲ့အစည်းတစ်ခုခုတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် ကော်မရှင်က သတ်မှတ်သော ဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။

## အခန်း (၁၅)
## အထွေထွေ

၂၉။ ကော်မရှင်သည် သတ်မှတ်သည့်နည်းလမ်းများအတိုင်း အစည်းအဝေးကျင်းပရမည်။

၃၀။ ဤဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၁။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ် အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်း ကောင်း၊ တရားစွဲဆိုခြင်း၊ အခြားနည်းအရေးယူခြင်းမပြုရ။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရကလည်းကောင်း၊ လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ကော်မရှင်က လည်းကောင်း ထုတ်ပြန်နိုင်သည်။

## ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁၁/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေတွင် -

(က) နိဒါန်း၊ ပုဒ်မ ၃၊ ပုဒ်မ ၄ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၆ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၂၇ ပုဒ်မခွဲ (၃)နှင့် (၅)၊ ပုဒ်မ ၂၈ ပုဒ်မခွဲ (၂)နှင့် ပုဒ်မ ၃၇ ပုဒ်မခွဲ (၄) တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ ၁၉ ပုဒ်မခွဲ (၂)ကို ပယ်ဖျက်၍ ပုဒ်မခွဲ (၁)ကို ပုဒ်မ ၁၉အဖြစ် ပြင်ဆင်ရမည်။

(ဂ) ပုဒ်မ ၂ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် ၂၁ ကို အောက်ပါပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည် -

"၂၁။ စာရင်းစစ်ဆိုသည်မှာ (၁) သမဝါယမဌာနအဆင့်ဆင့်၏ တာဝန်ရှိသော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့၊ (၂) ပြည်ထောင်စု မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးနှင့် ၄င်း၏ ရုံးအဆင့်ဆင့်က တာဝန်သတ်မှတ်သော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့နှင့် (၃) အစိုးရက အခါအားလျော်စွာ သမဝါယမအသင်းများအား စာရင်းစစ်ဆေးရန် တာဝန်သတ်မှတ်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့များကို ဆိုလိုသည်"

(ဃ) အခန်း ၂ ၏ ခေါင်းစီးကို နုတ်ပယ်၍ "သမဝါယမအသင်းများ၏ လုပ်ငန်းသဘောနှင့် ဖွဲ့စည်းပုံသဘော" ဆိုသည့် ခေါင်းစီးဖြင့်အစားထိုးရမည်။

(င) ပုဒ်မ ၂၀ ပုဒ်မခွဲ (၂)ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် -

"(၂) သမဝါယမအသင်းများသည် လုပ်ငန်းတစ်ခုခုအတွက် စရန်ငွေ သို့မဟုတ် ကြိုတင်ထုတ်ပေးငွေများကို ရယူနိုင်သည်"

(စ) ပုဒ်မ ၄၄ ပုဒ်မခွဲ (၂)ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် -

"(၂) သမဝါယမအသင်းတစ်ခုသည် ပုဒ်မ ၄ တွင် ဖော်ပြသော လုပ်ငန်းသဘောများကို ဆန့်ကျင်၍ဆောင်ရွက်ခြင်း"